အတ္တာဟိအတ္တနော နာထော

# မြန်မာ့စွမ်းအင် လူချွန်လူကောင်း





# MYANMAR ENERGY MAGNATE

## Biography of U Moe Myint

ဟိန်းလတ်

မြန်မာ့စွမ်းအင်

လူချွန်လူကောင်း

ဟိန်းလတ်




စာအုပ်မိတ်ဆက်နိဒါန်း

"တချို့ ပုဂ္ဂိုလ်များက ဦးမိုးမြင့်ကို တော်တော် ကံကောင်းတဲ့သူပဲဟု ပြောကြ၏။ ကံကလည်း မျက်နှာသာပေးတာ ရာခိုင်နှုန်း အနည်းငယ်တော့ရှိ၏။ တကယ်တော့ ဦးမိုးမြင့်၏ ဘဝသက်တမ်း တစ်လျှောက် ဖြည့်ဆည်းရှာဖွေဖူးခဲ့သော လုပ်ရပ်အတွေ့အကြုံများက ဤကံကောင်းမှုကို အထောက်အကူပြုခြင်းပင်ဖြစ်၏" ဟူ၍ မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် (ငြိမ်း) က ဤစာအုပ်၏ အမှာစာတွင် ဦးမိုးမြင့်နှင့်ပတ်သက်၍ ရေးသားဖော်ပြပေးထား၏။

စာရေးသူဟိန်းလတ်က ဤဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိစာအုပ်ကို Prophetic Biography ပုံစံမျိုးနှင့် တုပရယူ ရေးသားထားသည် ဆို၏။ "ဆရာမြို့မငြိမ်း" ၏ "လူချွန်လူကောင်း" သီချင်းထဲမှ စကားလုံး တော်တော်များများသည် ဦးမိုးမြင့်နှင့် ကိုက်ညီလွန်းသဖြင့်၊ ဦးမိုးမြင့်ကို "သန်မြန်ယောက်ျားဘသား၊ လူချွန်လူကောင်း" ဟု ဤစာအုပ်၌ တင်စားခေါ်ဝေါ်

ရေးသားထား၏။ ဦးမိုးမြင့်၏ မူလဝါသနာ ပထမ အသက်မွေးဝမ်းကျောင်းမှာ လေနှင့်ပတ်သက်သော လေယာဉ်မှူး၊ ယင်းနောက် မြေအောက်၊ ရေအောက်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို တူးဖော်ရှာဖွေ ထုတ်လုပ်သည့် ကုမ္ပဏီလုပ်ငန်း၊ ထုတ်ဖော်ရရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့ကို မီးဓာတ်ဖြစ်သည့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေး အတွက် ကြိုးပမ်းဆောင်ရွက်ခြင်း လုပ်ငန်း၊ ထို့အပြင် ရေပျော်တစ်ဦးအဖြစ် ရွက်လှေအားကစားလုပ်ဆောင်ပြီး မြန်မာ့ရွက်လှေ အားကစားကို ဂုဏ်မြှင့်တင်ပံ့ပိုးပေးသည့် အလုပ် အစရှိသဖြင့် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော (မြေ၊ မီး၊ လေ၊ ရေ) စသော ဓာတ်ကြီးလေးပါးနှင့် အမှန်တကယ် ဆက်စပ်နေသော ပုဂ္ဂိုလ်တစ်ဦး အဖြစ် သရုပ်ဖော်တင်စား ဖော်ပြထား၏။

"ခွဲ၊ လုံ့လ၊ ဝီရိယ၊ အမြင်ကျယ်မှု၊ ဆုံးဖြတ်ချက် ပြတ်သားခြင်း၊ စည်းစနစ်ကျနမှု၊ ဂုဏ်သိက္ခာကို လေးစား ထိန်းသိမ်းခြင်း၊ စီးပွားရေး အကွက်မြင်မှု၊ စိတ်ရင်းစေတနာ ကောင်းမှု၊ နိုင်ငံနှင့် လူမျိုးချစ်စိတ်၊ ဥပဒေစည်းကမ်းလိုက်နာခြင်း၊ မိမိကိုယ်မိမိ ယုံကြည်စိတ်၊ ကျေးဇူးသိတတ်ခြင်း၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ လေ့လာသင်ယူ တတ်လွယ်ခြင်း၊ စွန့်စားရဲသော သတ္တိ၊ မှန်ကန်သော ဦးဆောင်တတ်မှုစသည့် တကယ့် လူချွန်လူကောင်းတစ်ဦးတွင် ရှိသင့်ရှိထိုက်သော အရည်အသွေးများကို ဦးမိုးမြင့်က အတော်များများ ပိုင်ဆိုင်ထားသူဖြစ်ကြောင်း" စာရေးသူက ညွှန်းဆိုထား၏။ မည်သို့ဆိုစေ ဤအတ္ထုပ္ပတ္တိစာအုပ်ကို ဖတ်ရှုကြရသည့် စာဖတ်သူ လူငယ်လူရွယ်များ အနေဖြင့် ဦးမိုးမြင့်၏ ကြိုးပမ်းလုပ်ဆောင်မှု၊ ခွဲသတ္တိ၊ စိတ်နေစိတ်ထားတို့ကို လေးစားအားကျ အတုယူ၍ မြန်မာ့ လူချွန်လူကောင်းများဖြစ်လာကြစေရန် ကြိုးပမ်းဆောင်ရွက် နိုင်ကြပါစေကြောင်း ရည်သန်ဖော်ပြလိုက်ရပါ၏။

စာတည်းအဖွဲ့

***

# ကျေးဇူးတင်လွှာ

ဤစာအုပ်ကို ရေးသားခွင့်ပေးခဲ့ပြီး အချိန်များစွာပေးကာ ဘဝဇာတ်ကြောင်းများကို ရှင်းပြ၊ ပြောပြခဲ့ပါသော ဆရာကြီး ဦးမိုးမြင့်၊ အမှာစာ ရေးသားပေးပါသော ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင်(ငြိမ်း)၊ MPRLE&P ကုမ္ပဏီများအုပ်စု၏ လုပ်ငန်း သဘောသဘာဝကို အသေးစိတ် သိရှိနိုင်ရန် အတွက် အချက်အလက်များ ဝေမျှပေးပါသော ဦးမျိုးတင်၊ Deputy Chief Executive Officer နှင့်တကွ ကုမ္ပဏီများအုပ်စု၏ Sr. Executive Management အဖွဲ့ဝင်များ၊ Executive Management အဖွဲ့ဝင်များ၊ အထူးအားဖြင့် စာရေးသူနှင့် နှစ်ပေါင်းများစွာ လက်တွဲလုပ်လာခဲ့ပြီး လက်ရှိ MPRL E&P ကုမ္ပဏီများအုပ်စု၏ Executive Director အနေဖြင့် ဆောင်ရွက်နေသူ ဦးတင့်ဆွေ အပါအဝင် သက်ဆိုင်ရာ ကုမ္ပဏီဌာန အသီးသီး၏ မန်နေဂျာများ၊ ကုမ္ပဏီအုပ်စုတွင် ဆယ်စုနှစ်များစွာ တာဝန်ထမ်းဆောင်နေသော ဦးမိုးမြင့်အကြောင်းကို ခရေစေ့တွင်းကျ ပြောပြပေးခဲ့ကြပါသော ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန် ရွက်လှေအသင်းတို့၏ သမိုင်းကြောင်းကို နားလည်အောင် အစအဆုံး အချိန်ပေးရှင်းပြခဲ့ပါသော ဦးမောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ (၃) ၊ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်နှင့် ရန်ကုန် ရွက်လှေအသင်းမှ မန်နေဂျာ၊ ဒုတိယ မန်နေဂျာ၊ စာအုပ်မူကြမ်းအား စေတနာအပြည့်ဖြင့် ဖတ်ရှုပေး၊ ထောက်ပြဝေဖန် အကြံဉာဏ်များ ပေးကြပါသော ဒုတိယဗိုလ်ချုပ်ကြီး သိန်းဝင်း (ငြိမ်း)၊ ဗိုလ်ချုပ်မြင့်ဆွေ (ငြိမ်း)၊ ဒေါ်ခင်လေးမူ (ဘန်ကောက်)၊ ဒေါ်ဝေဝေလှိုင် (Wendy)၊ MEHS နှင့် ဦးမိုးမြင့် ၏ညီမ ဒေါ်နီလာကျော်မြင့်၊ ဦးဇော်တင့်

မိသားစုများ၊ စာအုပ်ရေးသား ပြုစုနေစဉ် ကာလအတွင်း အစစအရာရာ ကူညီပံ့ပိုးပေးခဲ့ပြီး၊ စာအုပ် ဖြစ်မြောက်ရေးအတွက် ဘက်စုံက စီမံ ဆောင်ရွက် ပေးခဲ့ပါသော Executive Office Manager ဒေါ်ကေခိုင်မျိုးသွင် နှင့် စာရေးသူ၏ လက်ထောက်အဖြစ် ဆောင်ရွက်ခဲ့ပါသော Executive Office Assistant ဒေါ်နန္ဒာလင်း၊ ဓာတ်ပုံဒီဇိုင်းများ ဆောင်ရွက်ပေးပါ သော ဦးဝင်းထွန်းအောင်၊ Design Team Leader နှင့်တကွ ကျေးဇူး တင် ထိုက်သူ အားလုံးကို အထူးကျေးဇူး တင်ရှိပါသည်။

ဟိန်းလတ်

***

# အမှာစာ

အတ္ထုပ္ပတ္တိဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦး၏ ဖြတ်သန်းလာမှု ဘဝဇာတ် ကြောင်းပင် ဖြစ်ပါသည်။ အတ္ထုပ္ပတ္တိသည် ထိုပုဂ္ဂိုလ်၏ ငယ်စဉ်ဘဝ၊ ပညာရေး၊ အလုပ်အကိုင်၊ မိသားစု၊ ကြိုးပမ်းလုပ်ဆောင်မှု များကို မှတ်တမ်းတင်ထားခြင်း ဖြစ်ပါသည်။ လူ၏ ပင်ကိုဗီဇထဲတွင် "စူးစမ်းသိရှိ လိုစိတ်"က မွေးရာပါ ဖြစ်၏။ မိမိအကြောင်းထက် သူတစ်ပါးအကြောင်းကို ပိုသိလိုကြသည်။ အထူးသဖြင့် နိုင်ငံရေး ခေါင်းဆောင်၊ အနုပညာရှင်၊ အားကစားအကျော်အမော်၊ စွန့်လွှတ်စွန့်စားသူ၊ တိုးတက်ကြီးပွား ချမ်းသာ သူတို့၏ အကြောင်းကို ပိုသိလိုလှ၏။ သိလိုစိတ်ထက် ပိုပြင်းပြသည်မှာ ထို ပုဂ္ဂိုလ်တို့ကို "အားကျ အတုယူလိုခြင်း" ဖြစ်၏။ ထို့ကြောင့်ပင် အတ္ထုပ္ပတ္တိ စာအုပ်များကို နိုင်ငံတကာတွင် လူဖတ်များရခြင်း ဖြစ်သည်။ လူသိများ ထင်ရှားကျော်ကြားသော သူတိုင်းတွင် အခြေခံ "ဘုံ" တူညီချက်ကား "အောင်စိတ်"ပင် ဖြစ်ပါသည်။ မည်သည့် အခက်အခဲ အကျပ်အတည်း၊ စိန်ခေါ်မှုမျိုးမဆို ရှောင်လွှဲမသွားဘဲ ဇွဲ၊ သတ္တိ၊ အားမာန်အပြည့်နှင့် ရင်ဆိုင်

တိုက်ပွဲဝင်ရဲ၊ အောင်မြင်မှုကို ရယူရဲသူများ ဖြစ်ကြ၏။

"who dares Wins" (ရဲသူနိုင်စတမ်း) ဆိုသော စကားကြားဖူးသည်။ ဤစကားသည် အောင်ပွဲခံသူများ၏ လုပ်ရပ်များမှ ထွက်ပေါ်လာသော ဆိုရိုးစကားပင် ဖြစ်သည်။ ယခု စာဖတ်သူများ လက်တွင် ရောက်ရှိနေသော စာအုပ်သည်လည်း လုပ်ရဲကိုင်ရဲ၊ ဆုံးဖြတ်ရဲ၊ စွန့်စားရဲသူ၊ အောင်ပွဲခံရဲသူ တစ်ဦး၏ အတ္ထုပ္ပတ္တိ စာအုပ်ပင် ဖြစ်သည်။

ဦးမိုးမြင့်က ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ခြင်း လောကသို့ ၁၉၈၉ ခုနှစ်တွင် ရောက်လာသည်။ ထိုခုနှစ်တွင် "မြင့် အင်(န်)အဆိုစီရိတ် (စ်) ကုမ္ပဏီ" ကို ထူထောင်ကာ မြန်မာပြည်တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်နေသော နိုင်ငံခြားကုမ္ပဏီများကို ဝန်ဆောင်မှုပေးသော လုပ်ငန်းကိုသာ လုပ်ဆောင်သူဖြစ်၏။ ထိုလုပ်ငန်းက ထူးခြားစွာ အောင်မြင်ခဲ့သည်။ သို့သော် ဦးမိုးမြင့်စိတ်ဓာတ်က ဤအောင်မြင်မှုနှင့် ရပ်တန့်မနေ။ သူက နိုင်ငံခြား ရေနံကုမ္ပဏီများ၏ ရေနံရှာဖွေတူးဖော် ထုတ်လုပ်နေပုံလုပ်ငန်းများကို သေသေချာချာ လေ့လာ၏။ နိုင်ငံခြားမှ လာသူတွေပင် မြန်မာ့မြေ၊ မြန်မာ့ရေတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့တွေကို တကူးတက လာရှာနေကြလျှင် မြန်မာ့ရေမြေ အခြေအနေအကြောင်းကို သူတို့ထက် ပိုသိသောသူအဖို့ ဘာကြောင့် ဒါမျိုးမလုပ်ဘဲနေရမှာလဲ။ ဦးမိုးမြင့် ထိုကဲ့သို့ဘက်စုံတွက်ချက် စဉ်းစားကြံစည်မှုများ ပြုလုပ်နေစဉ် ကျွန်တော်နှင့် ပထမဆုံးတွေ့ဆုံခဲ့ခြင်း ဖြစ်ပေသည်။ ၁၉၉၅ ခုနှစ် ထားဝယ်၊ ကန်ဘောက်တွင် ပထမဆုံးတွေ့ဆုံခဲ့သည်။ ယင်းနောက် ၁၉၉၆ ခုနှစ်တွင် မန်းရေနံမြေ အထွက်တိုး စီမံကိန်းကို PCC စာချုပ်ဖြင့် MOGE နှင့် အကျိုးတူ စတင်ပူးပေါင်းဆောင်ရွက်စဉ် ဒုတိယအကြိမ် ထပ်မံတွေ့ဆုံခဲ့၏။ ထိုမှုနှင့်လည်း ဦးမိုးမြင့်၏ ရည်မှန်းချက်က

အဆုံးမသတ်သေး။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလတွင် ဧရာဝတီတိုင်းဒေသကြီး အနောက်ဘက် ကမ်းလွန်လုပ်ကွက် အမှတ် A-6 ကို ထုတ်လုပ်မှုအပေါ် အကျိုးတူ ခွဲဝေခံစားခြင်းစာချုပ် (PSC) လက်မှတ်ထိုးကာဆက်လုပ်၏။ ဒါ ကတော့ သူ့အဖို့ အကြီးအကျယ် စွန့်စားခြင်းဖြစ်၏။ မန်းရေနံမြေ အတွက် တိုးစီမံကိန်းမှ ရရှိလာသော အကျိုးအမြတ် ခံစားခွင့်များကို တစ်ပြားတစ်ချပ်မှ မယူဘဲ လုပ်ကွက်အမှတ်A-6 ထဲသို့ ပုံအော ထည့်လိုက် ခြင်းပင် ဖြစ်သည်။

"သယံဇာတဟူသည်က ထိုက်သူသာ ခံစားခွင့်ရှိသည်" ဟူသော စကားက ဦးမိုးမြင့်အတွက်ပဲ ရည်ရွယ်ပြောသလား မသိ။ ဦးမိုးမြင့် ပထမကမ်းလွန် လုပ်ကွက် လျှောက်ထားသည်က လုပ်ကွက်အမှတ် A-5သို့မဟုတ် A-7 တွေ ပါ။ သို့သော် ဒါတွေမရဘဲ ယခင်တွင်းတူးဖော်မှု မည်သည့်အချက်မှ မရှိ သည့်အပြင်၊ မည်သူမှလည်း စိတ်မဝင်စားသည့် လုပ်ကွက်အမှတ် A-6 ကို သာ သူ့အား ချပေးခဲ့၏။ ယခုတော့ A-5နှင့် A–7က ဘာမှ မထွက်ဘဲ ဦးမိုး မြင့် လုပ်ကိုင်သည့် လုပ်ကွက်အမှတ် A-6 ကမှ သဘာဝဓာတ်ငွေ့ ခိုအောင်း နေသော သဲကြောများကိုတွေ့ရှိကာ သဘာဝဓာတ်ငွေ့ စီးပွားဖြစ် ခိုအောင်း နိုင်မှုကို အတည်ပြုနိုင်ခဲ့၏။

ထို့ကြောင့် တချို့ပုဂ္ဂိုလ်များက ဦးမိုးမြင့်ကို တော်တော်ကံကောင်းတဲ့သူပဲ ဟု ပြောကြ၏။ ကံကလည်း မျက်နှာသာပေးတာ ရာခိုင်နှုန်းအနည်းငယ် တော့ ရှိ၏။ တကယ်တော့ ဦးမိုးမြင့်၏ ဘဝသက်တမ်း တစ်လျှောက် ဖြည့်ဆည်း ရှာဖွေဖူးခဲ့သော လုပ်ရပ်အတွေ့အကြုံ များက ဤကံကောင်းမှု ကို အထောက်အကူပြုခြင်းပင် ဖြစ်၏။ ဥပမာ တစ်ခုပေးရလျှင်ငယ်စဉ်က မက်သဒစ်အင်္ဂလိပ် ကျောင်းတွင်နေခဲ့ဖူး၏။ ထို့ကြောင့် အင်္ဂလိပ်စာ အခြေခံကောင်း၏။ မိဘများက ထိုင်းနိုင်ငံတွင် အလုပ်သွားလုပ်တော့ ထိုင်း

နိုင်ငံ Ruam Rudee Int'l School ခေါ် နိုင်ငံတကာ ကျောင်းတွင် ပညာဆက်သင်ရ၏။ ထို့နောက် အမေရိကန်ပြည်၊ အနောက်ဗာဂျီးနီးယား ပြည်နယ်ရှိ "မာရှယ် တက္ကသိုလ်" တွင် ထပ်မံ၍ ပညာသင်ရ၏။ ထို့ကြောင့်သူက အင်္ဂလိပ်ဘာသာစကားကို မိခင်ဘာသာစကားကဲ့သို့ သွက်လက်စွာပြောတတ်၏။ အနောက်နိုင်ငံသားများနှင့် ဆက်ဆံရေး ကောင်းမွန်စွာ လုပ်နိုင်ခဲ့၏။ ထို့နောက်သူက ထိုင်းနိုင်ငံတွင် လေယာဉ်မောင်း သင်တန်း တက်ပြီးနောက် မြန်မာနိုင်ငံ ပြည်တွင်းလေကြောင်းတွင် လေယာဉ်မှူး (၁၃)နှစ်ကျော် လုပ်ခဲ့သည်။ လေယာဉ်မှူး တစ်ဦး၏ စိတ်ဓာတ်တည်ငြိမ်မှု၊ စည်းစနစ်ကျနမှု၊ ရေရှည်ကို တွေးခေါ်မြော်မြင် ကြည့်တတ်မှု အလေ့အကျင့်တွေ သူရခဲ့၏။ ထို့ပြင် အမေရိကန်နိုင်ငံတွင်လည်း နှစ်နှစ်ကျော်ကြာမျှ အမေရိကန် ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်ခဲ့ဖူးရာ ထိုအတွေ့အကြုံ အားလုံးက သူ MPRLE&P Pte Ltd. တည်ထောင်သောအခါ ကြီးစွာသော ပံ့ပိုးမှုများကို ရရှိစေခဲ့၏။ ဤသည်တို့က ဦးမိုးမြင့်အနေဖြင့် ကမ္ဘာ့ရေနံ ကုမ္ပဏီများနှင့် စာချုပ်ချုပ်ဆိုစီးပွားရေး လုပ်ကိုင်ဆောင်ရွက်ရာတွင် အလွန်အထောက်အကူ ဖြစ်ကာသူတကာထက် တစ်ပန်းသာခဲ့သည်။ ထို့ပြင် အဆုံးအဖြတ် ပြတ်သားရဲရင့်ခြင်း၊ လုံ့လဝီရိယ ရှိခြင်း၊ စိတ်ရင်းစေတနာ ကောင်းခြင်း၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်း၊ ဝန်ထမ်းကောင်းများ ရှိခြင်း၊ ဇနီး ကောင်းရရှိခြင်းများပါ ပံ့ပိုးလိုက်သော ဦးမိုးမြင့်က သူ့လက်နှင့်ထိလိုက်တိုင်း ရွှေဖြစ်သူပမာ လုပ်ငန်းတိုင်း အောင်မြင်ခဲ့ပါသည်။

ဤစာအုပ်သည် ဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိစာအုပ် ဖြစ်သည်။ ကျွန်တော် အထက်တွင် ဖော်ပြခဲ့သော သူ၏အရည်အသွေး များစွာကို ဤစာအုပ်တွင် မီးမောင်းထိုးကာ ဖော်ပြထားသည်။ အောင်မြင်မှုတစ်ခုရရန် မည်မျှထိ လေ့လာ၊ ကျင့်ကြံ၊ ကြိုးစားပြုမူ လုပ်ကိုင်ရကြောင်း စံနမူနာများစွာ ရယူ

နိုင်မည့် စာအုပ်ဖြစ်ကြောင်း ဆိုပါရစေ။

ကျွန်တော့်အနေဖြင့် ဤကဲ့သို့သော စာအုပ်တစ်အုပ်အတွက် အမှာစာရေးသားပေးရန် ဖိတ်ကြားခံရခြင်းကို လွန်စွာပျော်ရွှင်၊ ဝမ်းသာမိပါသည်။

မဟာသရေစည်သူ ဒုတိယဗိုလ်ချုပ်ကြီး မောင်မောင်ခင် (ငြိမ်း)

ဒုတိယဝန်ကြီးချုပ် (ငြိမ်း)

ကာကွယ်ရေးဦးစီးချုပ် (ရေ) (ငြိမ်း)

***

## စာရေးသူ၏ အမှာစာ

မြန်မာ့စွမ်းအင် လူချွန်လူကောင်း ဦးမိုးမြင့်

"ကစားခုန်စား... စွမ်းအားဖက်တွင် ... စံချိန်ရင်ပေါင် တန်းလိုက်လိုယှဉ်... ခေတ်မီမီကမ္ဘာကြီး ကြည့်မြင်သန်မြန် ယောကျ်ားဘသားလျှင်... လျှပ်စစ်အား အသုံးများတဲ့အပြင်၊ တွင်တွင်ကျယ်ကျယ် ထက်အောက် မြေတစ်ခွင်၊ သစ်ပင်တွေ မြေတွင်းဓာတ်တွေ ဖော်ယူနိုင်စွမ်းတတ်ကျွမ်းကျင်"

(မြို့မငြိမ်း...လူချွန်လူကောင်း သီချင်းမှ)

အလင်္ကာကျော်စွာ ဆရာမြို့မငြိမ်း၏ "လူချွန်လူကောင်း" သီချင်း ပေါ်ခဲ့သည်မှာနှစ်ပေါင်း (၆၀) ကျော်ခဲ့လေပြီ။ သံစဉ်ရော၊ စာသားရောပါ ကောင်းလွန်းသည့်အပြင် အဆိုကျော် ကိုအံ့ကြီး၏ အသံဩဇာကောင်းကောင်း သီဆိုထားသဖြင့် ငယ်စဉ်ကပင် နားမှာစွဲပြီး နှုတ်တက်ရွရွ အလွတ်ရခဲ့သည်။ ထို့ထက်ပိုပြီး နက်နက်ရှိုင်းရှိုင်း စဉ်းစားကြည့်သောအခါ ဤသီချင်းသည် တိုင်းပြုပြည်ပြု သီချင်း စစ်စစ်ဖြစ်သည်ကို တွေ့ရသည်။ သို့သော် ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့သော မင်းလိုလိုက် မင်းကြိုက်ခစား သီချင်းမျိုးမဟုတ်။ နိုင်ငံရေး စကားလုံးတွေ အတုံးလိုက်၊ အတစ်လိုက်သုံးသော ပေါ်လစီသီချင်းမျိုးမဟုတ်။ နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ လူချွန်လူကောင်းများ ထွန်းပေါ်ရေးအတွက် အားပေးလှုံ့ဆော်သော အကျိုးပြုသီချင်းစစ်စစ် ဖြစ်၏။

ယခုလည်း မြန်မာ့ရုပ်မြင်သံကြားမှ နေ၍ "အလင်္ကာကျော်စွာ မြို့မငြိမ်းဂုဏ်ပြုအစီအစဉ်" တွင် ဆရာရေးသားသော "လူချွန်လူကောင်း" သီချင်းကို

တင်ဆက်ပြသနေသည်။ ယခုအခေါက်တွင်မူ သီချင်းစာသားများကို သေသေချာချာ နားစိုက်ထောင်ရင်း ကျွန်တော်၏ စိတ်အာရုံတွင် "ဦးမိုးမြင့်" ၏ ပုံရိပ်တွေက တရိပ်ရိပ် ထင်ဟပ်လာသည်။ အထူးသဖြင့် ဤသီချင်းထဲမှ စာလုံးသုံးလုံး။ "လျှပ်စစ်စွမ်းအား"၊ "မြေတွင်းဓာတ်ဖော်ယူ"၊ "ကမ္ဘာကြီး ကြည့်မြင်"။

ဦးမိုးမြင့်သည် MPRL E&P ကုမ္ပဏီအုပ်စု တည်ထောင်ကာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေ တူးဖော်ရေးလုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်ကိုင်သူဖြစ်သည်။ ဤအချက်က "မြေတွင်းဓာတ် ဖော်ယူနိုင်စွမ်း တတ်ကျွမ်းကျင်" ဆိုသော အချက်နှင့် တိုက်ရိုက်ဆက်စပ်နေသည်။ သူ တူးဖော် ရှာဖွေနေသော မန်းရေနံမြေ အထွက်တိုးစီမံကိန်း၊ ကမ်းလွန် A-6 လုပ်ကွက် ပြည်သာယာ စီမံကိန်းတို့မှ ထွက်လာမည့် ရေနံနှင့် သဘာဝဓာတ်ငွေ့ များသည် မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအား လိုအပ်ချက်ကို ဖြည့်တင်းပေးမည်သာ ဖြစ်၏။

ထို့ပြင် ထိုင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံတို့၏ ဓာတ်ငွေ့ လိုအပ်ချက်များကို များစွာ ဖြည့်တင်းနိုင်သော သဘာဝဓာတ်ငွေ့ များကို ရောင်းချခြင်းကြောင့်လည်း မြန်မာနိုင်ငံအတွက် နိုင်ငံခြားငွေ အမြောက်အမြားကို ရှာပေးနိုင်သည်။ ဦးမိုးမြင့်သည် နိုင်ငံတကာမှ ဧရာမ ရေနံ ကုမ္ပဏီကြီးများနှင့် တွဲဖက်လုပ်ဆောင်၊ ယှဉ်ပြိုင် ကြိုးပမ်းခဲ့ရာတွင် သူက ပြည်တွင်း စီးပွားရေးနယ်ပယ် ကွက်ကွက်ကိုသာ ဘောင်ကျဉ်းကျဉ်းနှင့် မကြည့်ဘဲ ကမ္ဘာအရပ်ရပ်မှ စီးပွားရေး လုပ်ငန်းများ၏ လုပ်ထုံးလုပ်နည်း၊ လုပ်ပုံကိုင်ပုံကို "ခေတ်မီမီ ကမ္ဘာကြီး ကြည့်မြင်" လုပ်ကိုင်ခဲ့ခြင်းသည် သူ၏လုပ်ငန်းများ အောင်မြင်မှုက သူတကာထက် ခေါင်းတစ်လုံး သာနေခြင်းပင်ဖြစ်၏။ အမေရိကန်နိုင်ငံရှိ Interaero Inc.

တွင် ဒုတိယဥက္ကဋ္ဌ အဆင့်ထိ တာဝန်ထမ်းဆောင်လုပ်ခဲ့၊ အမေရိကန် McDermott, Dresser-Rand, BakerHughes နှင့် FMC၊ ဂျပန်နိုင်ငံ Mitsui, Nissho Iwai ကုမ္ပဏီလီမိတက်၊ ဗြိတိသျှက Bredero Price Int'l ၊ ထိုင်းနိုင်ငံ Shinawatra Int'l တို့နှင့် တွဲဖက်လုပ်ကိုင်ဖူးသည်။

ဦးမိုးမြင့်အနေနှင့် ဤလုပ်ငန်းများကို မလုပ်ကိုင်ဘဲ ရပ်တန်းက ရပ်ပြီး နေလျှင်လည်း သူရှာဖွေခဲ့သော ငွေကြေးများဖြင့် မိမိဘဝကို သက်သောင့်သက်သာ အေးချမ်းစွာဖြတ်သန်းနေနိုင်မည်မှာ သေချာသည်။ သို့သော်သူ့မှာက အနာဂတ်မျိုးဆက်နှင့် နိုင်ငံတော်အတွက် ပြင်းပြသော ရည်မှန်းချက်ရှိသည်။ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေတူးဖော်ကာ၊ နိုင်ငံအတွက် လျှပ်စစ်ဓာတ်အားကို လည်းကောင်း၊ နိုင်ငံခြားငွေ ရရှိရေးကို လည်းကောင်း ကြိုးပမ်းရှာဖွေပေးကာ၊ အနာဂတ်နိုင်ငံတော်တွင် ပြည်သူလူထု ချမ်းသာကြွယ်ဝရေးတို့ အတွက် လုပ်ဆောင်ပေးနေခြင်း ဖြစ်သည်။

ထို့ပြင် အမြဲတမ်းဝန်ထမ်း (၁,၃၀၀) ကျော်၊ တစ်ဆင့်ခံဝန်ထမ်း (၁,၂၀၀) ကျော်၊ မိသားစုပေါင်း တစ်သောင်းကျော် အတွက် ထမင်းအိုးတည်ပေးကာ လုပ်ငန်းဆက်စပ်နေသော ဒေသရှိ ဒေသခံများ လူမှုရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများကိုပါ ပံ့ပိုးကူညီပေးနေ၏။

"ကစားခုန်စား... စွမ်းအားဖက်တွင်... စံချိန်ရင်ပေါင်တန်း... ဆိုသော "လူ ချွန်လူကောင်း" သီချင်းစာသားနှင့်လည်း ဦးမိုးမြင့်က နီးကပ်ဆက်စပ် နေ၏။ သူကိုယ်တိုင် အားကစားမျိုးစုံ လိုက်စားသည့်အပြင် သူ၏သားနှစ် ဦးနဲ့ မြန်မာလူငယ်များကိုလည်း ရွှေတံဆိပ်ဆုရှင် မြန်မာ့ လက်ရွေးစင်များ ဖြစ်အောင် ပျိုးထောင်ခဲ့သည်ပင် မဟုတ်ပါလား။ ထို့ပြင် မြန်မာနိုင်ငံ ရွက်လှေအသင်း ဥက္ကဋ္ဌအဖြစ် ငွေကြေးပေါင်းများစွာ အကုန်ကျခံပြီး

ရွက်လှေ အားကစားကို မြှင့်တင်ခဲ့သူ။ ထို့နောက် မြန်မာနိုင်ငံ အိုလံပစ် ကော်မတီအဖွဲ့ဝင်။ ဆရာမြို့မငြိမ်း၏ "လူချွန်လူကောင်း" သီချင်းထဲမှ စကားလုံး တော်တော်များများသည် ဦးမိုးမြင့်နှင့် ကိုက်ညီလွန်းသဖြင့်၊ ဦးမိုးမြင့်ကို "သန်မြန်ယောက်ျား ဘသား၊ လူချွန်လူကောင်း" ဟု ကျွန်တော် တင်စားခေါ်ဝေါ်မိသည်မှာ ကိုက်ညီမှန်ကန်လှ၏။

အောင်မြင်သော စီးပွားရေးလုပ်ငန်းရှင်ကြီး တစ်ဦးအဖြစ် မြန်မာပြည်တွင် ဦးမိုးမြင့် ရပ်တည်ရာတွင် သူတကာကြားတွင် ထူးခြား လင်းလက်နေသော အရည်အချင်းတစ်ခုလည်း ရှိသေးသည်။ မြန်မာနိုင်ငံ တံခါးဖွင့် စီးပွားရေးဝါဒ စတင်ကျင့်သုံးသည့် ကာလတွင် ဦးမိုးမြင့်က နိုင်ငံခြားမှ ပြန်လာပြီး မြန်မာနိုင်ငံတွင် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းကို စတင် တည်ထောင်ခဲ့သည်။ မြန်မာ့စီးပွားရေးတံခါး ဖွင့်ချိန်နှင့် မရှေးမနှောင်းတွင် ဖွားဖက်တော်အဖြစ် ပေါ်ထွန်းလာသည်က "ခရိုနီဝါဒ" (Cronyism) ပင် ဖြစ်သည်။ "ခရိုနီဝါဒ" ဟူသည် မိမိတို့၏ ပင်ကိုအရည်အသွေး၊ အရည်အချင်းဖြင့် မှန်မှန်ကန်ကန် မလုပ်ဆောင်ဘဲ၊ အာဏာရှိသူများ၏ ရာထူး၊ အရှိန်အဝါ၊ လုပ်ပိုင်ခွင့်များကို ရယူကာ အကျိုးအမြတ် ရရှိစေနိုင်သည့် ရနိုင်ခဲသော အခွင့်အရေးများကို ရယူခြင်းဟု အဓိပ္ပာယ်ဖွင့်ဆို၍ရ၏။ ထိုခရိုနီဝါဒမှနေ၍ အကျင့်ပျက်ခြစား လာဘ်ပေးလာဘ်ယူမှု မွေးဖွားလာ၏။ တစ်ခေတ်က အုပ်ချုပ်သူများသည် သူတို့နှင့်နီးစပ်သော စီးပွားရေးလုပ်ငန်းရှင်များကို အခြားသူများထက် အခွင့်အရေး ပိုပေးတတ်၏။ လိုင်စင်ချပေးခြင်း၊ လုပ်ပိုင်ခွင့်များပေးခြင်း၊ အခွန်သက်သာခွင့် ပေးခြင်းတို့ကို လုပ်ပေး၏။ "ခရိုနီဝါဒ"နှင့် ဆက်စပ်သော အခြားစကားလုံးတစ်ခုမှာ "ဆွေမျိုးသားချင်း ကောင်းစားရေးဝါဒ" (Nepotism) ဖြစ်သည်။ မိမိနှင့် ဝေစားမျှစား အကျိုးခံစား ရရှိမည့်သူများကို မျက်နှာသာပေး အခွင့်ရေးပို

ပေးသော အမူအကျင့် ဖြစ်၏။ အရည်အချင်းမရှိသူ ဆွေမျိုးသားချင်း၊ မိတ်ဆွေရင်းချာတို့ကို အလုပ်အကိုင်ပေး၊ ရာထူးတိုးပေးခြင်း တို့သည် ဤပုံစံပင် ဖြစ်၏။ မြန်မာနိုင်ငံတွင် တစ်ချိန်က "ခရိုနီ" မဖြစ်ဘဲ စီးပွားရေးလုပ်၍ မကြီးပွားနိုင်။ ငါးကို ချက်စား၊ ကြော်စားတာထက် "ပေါင်းစား" တာက ပိုအရသာရှိသည် ဟူသော ပြက်လုံးများပင် ထွက်ဖူး၏။ ပေါင်းစားသူများ ကြီးပွားကြသည်ကလည်း လက်ညှိုးထိုးမလွဲ။ ထိုအထဲတွင် "ခရိုနီ" မဖြစ်ဘဲ လုံးဝဥဿုံ ကင်းကင်းရှင်းရှင်း ရှိသူများထဲတွင် ဦးမိုးမြင့်လည်း တစ်ဦးအပါအဝင် ဖြစ်သည်။ စီးပွားရေးလုပ်ငန်း အကြီးအကျယ် လုပ်နေသူ ဦးမိုးမြင့်သည်လည်း ဒီပုတ်ထဲက ဒီပဲပင်ဖြစ်သည်ဟု ထင်မှတ်ကာ အမေရိကန်သံရုံးက ၂၀၀၀ ပြည့်နှစ်တွင် ဦးမိုးမြင့်ကို အမေရိကန်ပြည်ဝင်ခွင့် ဗီဇာပိတ်ပင်ခဲ့၏။ ဦးမိုးမြင့် တစ်ဦးတည်းမဟုတ်၊ ဦးမိုးမြင့်ဇနီးရော၊ အမေရိကန်တွင် ပညာသင်ကြားအပြီး အလုပ်လုပ်နေသူ သားအပေါ်တွင်လည်း ဗီဇာသက်တမ်း တိုးခွင့်မပြု။ သို့သော် မကြာခင်တွင် သူတို့သံရုံး၏ ကြေးနန်းစာ ပေါက်ကြားသွားကာ ဦးမိုးမြင့်သည် အာဏာရအစိုးရနှင့် မပတ်သက်မဆက်စပ်သူမှန်း သိသွားမှ ပြည်ဝင်ခွင့်ဗီဇာ ကန့်သတ်မှုကို ဖယ်ရှားပေးခဲ့သည်။ ဤကိစ္စရပ်နှင့် ပတ်သက်၍ နိုင်ငံတကာ စာနယ်ဇင်းတော်တော်များများက ခရိုနီမဟုတ်သော ဦးမိုးမြင့်ကို ချီးကျူးသော ဆောင်းပါးများ၊ အင်တာဗျူးများ ရေးသားဖော်ပြကြ၏။

ဦးမိုးမြင့်၏အကြောင်းကို စုံစမ်းလေ့လာရင်းဖြင့် နောက်ထပ် အံ့သြစရာတစ်ခုကို သွားတွေ့ မိပြန်သည်။ ကျွန်တော်ကတော့ "ဦးမိုးမြင့်နှင့် ဓာတ်ကြီးလေးပါး" ဟုပင် ခေါ်လိုက်ချင်သည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော (မြေ၊ မီး၊ လေ၊ ရေ) စသော ဓာတ်ကြီးလေးပါးနှင့် ကျွန်တော်တို့ ခန္ဓာကိုယ် ဆက်စပ် ပတ်သက်နေသည်ကား လူတိုင်းသိပြီးသား။ "သို့သော်

တကယ်တမ်း လက်တွေ့တွင် ထိုဓာတ်ကြီးလေးပါးနှင့် အပတ်သက် အဆက်စပ်ဆုံးကား "ဦးမိုးမြင့်" ဟုဆိုလျှင် မမှားနိုင်ချေ။ ဦးမိုးမြင့်၏ မူလ ဝါသနာ ပထမ အသက်မွေးဝမ်းကျောင်းက လေနှင့်ပတ်သက်သော "လေယာဉ်မှူး"။ သူ၏ လေကြောင်းပျံသန်းချိန် နာရီပေါင်း (၁၂,ဝဝဝ) ကျော်၏။ ထို့နောက် စလုပ်ကိုင်သော အောင်မြင်သည့် စီးပွားရေးလုပ်ငန်း က "မြေကြီးထဲမှ ရေနံနှင့် သဘာဝဓာတ်ငွေ့များ ရှာဖွေတူးဖော်ခြင်း MPRL E&P ကုမ္ပဏီလုပ်ငန်းစုသည် မြေအောက်၊ ရေအောက်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ရှာဖွေတူးဖော် ထုတ်လုပ်နေသည် မဟုတ်ပါလား။ ထုတ်ဖော်ရရှိသော သဘာဝဓာတ်ငွေ့များဖြင့် "မီး" ဓာတ်ဖြစ်သော လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးတွင် ပံ့ပိုးသည်။ သူ၏ အချိန်အားလပ်ချိန် တွင် သူက "ရေပျော်"တစ်ဦးအဖြစ် ရွက်လှေအားကစား လုပ်ဆောင်သည်။ မြန်မာနိုင်ငံ ရွက်လှေအဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ်၊ ရန်ကုန်ရွက်လှေအသင်း၏ ရာသက်ပန် ဂုဏ်ထူးဆောင်အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သည်။ မြန်မာ့ ရွက်လှေအားကစားကို တစ်ဦးတည်းဒိုင်ခံအချိန်ပေး၊ ငွေအကုန်အကျများ စွာ ကျခံကာ မြှင့်တင်ပေးနေသည်။ သူ၏ရင်သွေးနှစ်ဦးအပါအဝင် မြန်မာ့ ရွက်လှေ အားကစားသမားများစွာကို ရွှေတံဆိပ်အပါအဝင် အောင်ပွဲများစွာ ဆွတ်ခူးရရှိစေရန် အထူးတလည် ပံ့ပိုး ကူညီမှုများ လုပ်ဆောင်ပေးသည်။ ကြယ်ငါးပွင့်အဆင့် ငွေဆောင်ရွက်လှေကလပ်နှင့် အပန်းဖြေစခန်းကို အ မေရိကန် ဒေါ်လာ (၂၅) သန်းခန့်အကုန်အကျခံ တည်ဆောက်ကာ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ၏ ရွက်လှေပြိုင်ပွဲတွင် နိုင်ငံဂုဏ်ဆောင်တာဝန်ယူ၊ ငွေကုန်ကြေးကျခံကာ လုပ်ဆောင်ပေးသူ။ ထို့ပြင် မြန်မာအမျိုးသား အိုလံပစ်ကော်မတီ၏အဖွဲ့ဝင်။

ထို့ကြောင့် "ဦးမိုးမြင့်" ကို "ဓာတ်ကြီးလေးပါးပုဂ္ဂိုလ်ကြီး" ဟု ခေါ်ဝေါ်

ခြင်းက အတိသယဝုတ္တိ အလင်္ကာ မဟုတ်ဘဲ တကယ့်သရုပ်မှန် တင်စားချက် အစစ်အမှန်ကေန် ဖြစ်၏။

ဦးမိုးမြင့်၏ ဖွဲ၊ လုံ့လ၊ ဝီရိယ၊ အမြင်ကျယ်မှု၊ ဆုံးဖြတ်ချက်ပြတ်သားခြင်း၊ စည်းစနစ်ကျမှု၊ ဂုဏ်သိက္ခာကို လေးစားထိန်းသိမ်းခြင်း၊စီးပွားရေးအကွက် မြင်မှု၊ စိတ်ရင်းစေတနာကောင်းမှု၊ နိုင်ငံနှင့် လူမျိုးချစ်စိတ်၊ ဥပဒေ စည်းကမ်း လိုက်နာခြင်း၊ မိမိကိုယ်မိမိယုံကြည်စိတ်၊ ကျေးဇူးသိတတ်ခြင်း၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ လေ့လာသင်ယူတတ်လွယ်ခြင်း၊ စွန့်စားရဲသော သတ္တိ၊ မှန်ကန်သော ဦးဆောင်တတ်မှု စသည် စသည်တို့သည် တကယ့်လူ ချွန်လူကောင်း တစ်ဦး၏ ရှိသင့်ရှိထိုက်သော အရည်အသွေးများပင် ဖြစ်သည်။ ထိုသို့ ဝိသေသ ဂုဏ်ရည်များကို တချို့ ပုဂ္ဂိုလ်တို့ က (၇၅)ရာခိုင်နှုန်း ပိုင်၏၊ တချို့က (၅၀) ရာခိုင်နှုန်းစသဖြင့် အရည်အချင်း ကောင်းတွေ များနိုင်သမျှ များများရှိလေ ကောင်းလေပင်ဖြစ်၏။ အားလုံး တော့ဖြင့် ဆုပ်ကိုင်ရယူ၍ မရနိုင်။ ဦးမိုးမြင့်ကား ထိုဂုဏ်သိမ် အရည်အသွေးများထဲမှ ရာခိုင်နှုန်း ခပ်များများကို ပိုင်ဆိုင်လုပ်ကိုင်နိုင်သူ ရှားမှရှား ပုဂ္ဂိုလ်တစ်ဦးဖြစ်၏။

ဦးမိုးမြင့် ယခု လုပ်ဆောင်နေသည့် ရည်ရွယ်ချက် အတိုချုပ်ကိုပြောရ လျှင် ဦးမိုးမြင့်၏ အောက်ပါ စကားများကိုသာ ကိုးကားလျှင် ပို၍ ရှင်းလင်း မြင်သာလိမ့်မည်။

"စွမ်းအင်ဆိုတာက ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုရော၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုမှာပါ အမြဲပင် မရှိမဖြစ် အခန်းကဏ္ဍက ပါဝင်မှာပါပဲ။ မြန်မာနိုင်ငံဟာ ရေနံနှင့် သဘာဝဓာတ်ငွေ့ ကြွယ်ဝတဲ့နယ်မြေ ဖြစ်တယ်။ ဒါပေမဲ့ ကမ္ဘာမှာ အဲဒီသယံဇာတတွေကို အနည်းဆုံး ရှာဖွေထုတ်ဖော်တဲ့ နိုင်ငံတွေထဲမှာလည်း တစ်ခုအပါအဝင် ဖြစ်နေတယ်။ ကျွန်တော်တို့က

ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်ရင်းမြစ် အလားအလာတွေကို ဖော်ထုတ်ပြီး သိရှိအောင် လုပ်ငန်းစဉ်ကို ဦးဆောင်နေတာ ဖြစ်တယ်။ အဲဒီလို လုပ်နိုင်ဖို့ ရာတာဝန်သိမှုနဲ့ ရေရှည်ထိန်းသိမ်းတတ်တဲ့ အမူအကျင့်တွေနဲ့ လုပ်ရမှာ ဖြစ်တယ်။ ဒါကြောင့် နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ အဓိကအခန်းကဏ္ဍကို ဆက်လက်လုပ်ကိုင်ရင်း အနာဂတ် မျိုးဆက်သစ်တွေအတွက် စီးပွားရေး ကြွယ်ဝရှိစေဖို့ သေချာစွာ အာမခံနိုင်ဖို့ လုပ်ပေးနေတာပါပဲ။"

သူ၏ရည်ရွယ်ချက်က ကြီးကျယ်မြင့်မြတ်လှသည်။ သူလုပ်ဆောင်နေသော အလုပ်သည် သူနှင့်သူ့မိသားစု၊ သူ့ဝန်ထမ်းများ အတွက်သာမဟုတ်။ "အနာဂတ် မျိုးဆက်သစ်များ" အတွက် အာမခံချက်ရှိရှိ ကြွယ်ဝချမ်းသာသော လူ့ဘောင်ကို တည်ဆောက်ရေး ဆိုသော ပန်းတိုင်အထိ ရည်မှန်းထားသည်ကို တွေ့မြင်ရ၏။

ဤနေရာတွင် အတ္ထုပ္ပတ္တိ (Biography) ဆိုသော စာအုပ် အမျိုးအစား အကြောင်း အနည်းငယ် တင်ပြလိုသည်။

"အတ္ထုပ္ပတ္တိ" ဆိုသည်မှာ သက်ရှိထင်ရှားရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦး၏ ဘဝ အကြောင်း ဖြစ်သည်။ ထိုအထဲတွင် အချက်အလက်အတိအကျ အသေးစိတ်များ ပါသကဲ့သို့ ထိုပုဂ္ဂိုလ်၏ဘဝထဲမှ ဇာတ်လမ်းများလည်း ပါဝင်သည်။ ဥပမာအားဖြင့် ထင်ရှားကျော်ကြားသောသူများ၊ နိုင်ငံရေးသမားများ၊ သရုပ်ဆောင်များ၊ အားကစားသမားများ စသည်တို့၏ အကြောင်းဖြစ်၏။ အတ္ထုပ္ပတ္တိသည် ပုဂ္ဂိုလ်တစ်ဦး၏ အကြောင်းကို အခြားသူတစ်ဦးက ရေးခြင်းဖြစ်၏။ သူ၏ အရေးကြီးဆုံး အစိတ်အပိုင်း အသေးစိတ်များ ပါရှိရမည်။ အတ္ထုပ္ပတ္တိကို အခြေခံအားဖြင့် လေးမျိုးခွဲထား၏။ (၁) သမိုင်းနောက်ခံ အတ္ထုပ္ပတ္တိ၊ (၂) အတတ်ပညာဆိုင်ရာ အတ္ထုပ္ပတ္တိ၊ (၃) ဝတ္ထုပုံစံမျိုး အတ္ထုပ္ပတ္တိ၊ (၄) အချက်အလက် အခြေခံ အတ္ထုပ္ပတ္တိဟူ၍ ခွဲထားသည်။

တကယ်တော့ အတ္ထုပ္ပတ္တိသည် သမိုင်းဖြစ်ရပ် တစ်ခုကို အထူးပုံစံတစ်ခုဖြင့် မှတ်တမ်းတင်ခြင်း ဖြစ်၏။ သမိုင်းနောက်ခံ အတ္ထုပ္ပတ္တိဝတ္ထု ပုံစံအမျိုးအစားများ တွင်ကား ဆရာကြီးသိန်းဖေမြင့်၏ "အရှေ့က နေဝန်းထွက်သည့်ပမာ" ၊ဆရာကြီးဒဂုန်တာရာ၏ "ငါတို့ခေတ် ရောက်တော့မည်မှာ မလွဲပါ" စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေး၏ "သူလိုလူ" ၊ "မာလာရီ"၊ ဆရာသော်တာဆွေ၏ "ပုဂံသူရဲကောင်းများ" ၊ "ဘဝထိုထို" ၊ ဆရာချစ်ဦးညို၏ "ရွှေတိုက်စိုး"၊ "သုဝဏ္ဏဘုမ္မိငရဲ၊ သုဝဏ္ဏဘုမ္မိနိဗ္ဗာန်"၊ "ရှင်စောပု" စသော စာအုပ်များ ဖြစ်သည်။ ကမ္ဘာ့နယ်ပယ်တွင် စာရေးဆရာ Garen Thomasရေးသော "Yes we Can (အိုဘားမား အတ္ထုပ္ပတ္တိ)" ၊ C.A. Tripp ရေးသည့် "The Intimate World of Abraham Lincoln (သမ္မတလင်ကွန်း အတ္ထုပ္ပတ္တိ)" ပုံစံမျိုးများ။

ဒုတိယအမျိုးအစားဖြစ်သော အတတ်ပညာဆိုင်ရာ အတ္ထုပ္ပတ္တိတွင်မူ ပုဂ္ဂိုလ်တစ်ဦး၏ အချက်အလက်အမှန်များကို ပို၍အဓိကထား၏။ ထိုပုဂ္ဂိုလ်၏ ကလေးဘဝ၊ မိသားစုအသိုင်းအဝိုင်း၊ ပညာရေး၊ စီးပွားရေး၊ အိမ်ထောင်ရေး၊ ရည်မှန်းချက်ပန်းတိုင်၊ ထိုပန်းတိုင်ကို အရောက်ချိတ်ပုံ။ အခက်အခဲ စိန်ခေါ်မှုများ၊ အောင်မြင်မှုများကို အချက်အလက် အသေးစိတ်နှင့် တင်ပြ၏။ ဖတ်ရတာ အနည်းငယ်လေး၏။ ကျောင်းသုံးစာအုပ်ပုံစံဆန်၏။ ဥပမာ - စာရေးဆရာတိုက်စိုး၏ "မင်းတုန်းမင်း" ၊ မောင်သုတ၏။ "စာပြုစာဆို ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ" ၊ ဆရာလှသမိန်၏ "ဂန္ထဝင်ပုဂ္ဂိုလ်ကျော်များ အတ္ထုပ္ပတ္တိ" ၊ ဒေါက်တာမောင်မောင်၏ "ဗိုလ်ချုပ်ကြီးနေဝင်းနှင့် မြန်မာနိုင်ငံ" စသည်ဖြင့်။ ကမ္ဘာ့စာပေလောကတွင် Ann & Jeanette Petrie ၏ "Mother Teresa"၊ Liz Garbus ၏ "Bobby Fisher against the World."

တတိယအမျိုးအစားက အချက်အလက်အမှန်ကို ဝတ္ထုပုံစံရေးခြင်း Fictionalized Academic Biography ဝတ္ထုဆန်ဆန်၊ အချက်အလက်များလည်း ပါသော အမျိုးအစား ဖြစ်သည်။ ဥပမာ-စာရေးဆရာ William Manchester ရေးသော "American Caesar: Douglas MacArthur (ဗိုလ်ချုပ်မက်အာသာအတ္ထုပ္ပတ္တိ)" ၊ Coretta Scott King ၏ "My Life with Martin Luther King, Jr. (မာတင်လူသာကင်း အတ္ထုပ္ပတ္တိ)" စာအုပ်။

စတုတ္ထ အတ္ထုပ္ပတ္တိပုံစံမှာ "Prophetic Biography" ဖြစ်၏။ ဤစာအုပ်မျိုးကမူ ရည်ရွယ်ချက်က ပို၍ကြီး၏။ အတ္ထုပ္ပတ္တိစာအုပ်ကို ဖတ်ပြီး စာအုပ်တွင်ပါသော ပုဂ္ဂိုလ်၏လုပ်ရပ်များကို အတုယူစေရန် နည်းပေးလမ်းပြ လုပ်ပေးသော ရည်ရွယ်ချက်ရှိ၏။ ထိုပုဂ္ဂိုလ်၏စာအုပ်ကို ဖတ်ပြီး သင်ယူစရာယူ၊ အတုယူစရာ ယူနိုင်အောင် ရေးသားသည့် ဦးတည်ချက်ရှိ၍ ထင်ရှားသော စာအုပ်မှာ Mahatma Gandhi ၏ "The Story of My Experiments with Truth"၊ Yogananda ၏ "Autobiography of a Yogi"တို့ ဖြစ်သည်။

မြန်မာ့စာပေလောကတွင်မူ ဆရာကြီးရွှေဥဒေါင်း၏ "တစ်သက်တာမှတ်တမ်းနှင့် အတွေး အခေါ်များ"၊ ဆရာကြီး စစ်ကိုင်းဦးဘိုးသင်း၏ "သူ့အမြင်သူ့အတွေး" ၊ "ဒဂုန်တာရာ၏ ဒဂုန်တာရာ" စသည်တို့ ဖြစ်၏။

ကျွန်တော် ဦးမိုးမြင့်၏ အတ္ထုပ္ပတ္တိရေးရာတွင် အတ္ထုပ္ပတ္တိအမျိုးအစား ဖြစ်သော Prophetic Biography ပုံစံမျိုးကို တုပရေးသားပါသည်။ ဦးမိုးမြင့်၏ ကြိုးပမ်းလုပ်ဆောင်မှု ဓွဲသတ္တိ၊ စိတ်နေစိတ်ထားတို့ကို စာဖတ်သူများ အတုယူ လုပ်ဆောင်နိုင်ကြစေရန် တတ်နိုင်သမျှ ကြိုးစားရေးထားပါသည်။ ဦးမိုးမြင့် အကြောင်းရေးလျှင် သူ၏ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေမှုလုပ်ငန်းများက မလွဲမသွေ ပါကိုပါမှ ဖြစ်မည်။ သူ၏ MPRL E&P ကုမ္ပဏီ အုပ်စုဝင် လုပ်ငန်းများကို ချန်လှပ်ထား၍ မဖြစ်။ သို့သော် ထို

အကြောင်းအရာများကား နည်းပညာဆန် (Technical) ဖြစ်၍ လေးကောင်းလေးမည်။ သို့သော် ထိုလုပ်ငန်းများကို မြန်မာနိုင်ငံတွင် ပထမဆုံး ခက်ခက်ခဲခဲ လုပ်ဆောင်ပုံ၊ အောင်မြင်အောင် ချီတက်ရာတွင် စိန်ခေါ်မှုမျိုးစုံကို ဖြတ်သန်းလာပုံများကို ဖတ်၍ အတုယူနိုင်ပါသည်။

"ဦးမိုးမြင့်" ၏ အတ္ထုပ္ပတ္တိရေးရာတွင် ခံစားမှုအငွေ့အသက် အစစ်အမှန်နှင့် အချက်အလက် အတိအကျများ ပိုမိုရရှိစေရန်၊ ပြည်လမ်းရှိ MPRL E&P Group ရုံးချုပ်တွင် တစ်နှစ်နီးပါး နေ့စဉ် ရုံးတက်ရုံးဆင်း လုပ်ကာ ထိုရုံးတွင်သာ ဤစာအုပ်ကို ရေးသားသည်။ မင်းဘူးရှိ မန်းရေနံမြေသို့လည်း ကိုယ်တိုင်ကိုယ်ကျ သွားရောက်နေထိုင် လေ့လာခဲ့ပါသည်။ ထို့ကြောင့် ဦးမိုးမြင့်နှင့် MPRL E&P ၏ ဝန်ထမ်းများအကြောင်းကိုပါ ပိုမိုအနီးကပ် လေ့လာခွင့်ရခဲ့သည်။ ကျွန်တော်က တက္ကသိုလ်ကောလိပ် များမှ စာကြည့်တိုက်များအပြင်၊ ရုံးဌာနတွင်လည်းကောင်း၊ ကုမ္ပဏီတို့တွင်လည်းကောင်း (၃၅)နှစ်ကျော်တိုင် တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ သမဝါယမ ဝန်ကြီးဌာန၊ အားကစားနှင့်ကျန်းမာရေး ဝန်ကြီးဌာန၊ ပညာရေး ဝန်ကြီးဌာန စသည်တို့တွင် သင်တန်းမျိုးစုံ နှစ်ပေါင်း (၂၀) ကျော် ပို့ချပေးခဲ့သူလည်း ဖြစ်သည်။ ကျွန်တော် ရောက်လေရာနေရာဌာန အသီးသီးတွင် MPRL E&P Group ရုံးလောက် ဝန်ထမ်းများ စည်းကမ်းသေသပ်၊ ယဉ်ကျေး၊ သန့်ပြန့်သည်ကို မည်သည့်နေရာတွင်မျှ မတွေ့ဖူးပါ။ Vantage Tower ရုံးအဆောက်အဦ ရှင်းလင်းသန့်ပြန့်သည်ကတော့ ပြောစရာမလို။ နေရာဌာန တစ်ခုခု သန့်ရှင်းမှုရှိ မရှိ၊ အိမ်သာကို ကြည့်၍ရသည် ဟူသော ဆိုရိုးစကား တစ်ခုအတိုင်းပင် အိမ်သာသန့်ရှင်းရေး ဝန်ထမ်းများက တစ်နေ့နှစ်ကြိမ် သန့်ရှင်းရေး လုပ်ပေးနေကြသည်ကို တွေ့ရ၏။ အနံ့အသက် ပျောက်ဆေး

များ စနစ်တကျ ထားရှိသည့်အပြင် မရှိသေးစကား ဆီးအရောင်တိုင်းသော ဇယားများကအစ ချိတ်ဆွဲပေးထားသည်။ မည်သည့် ဆီးအရောင် ပေါက်လာလျှင် "နီးစပ်ရာဆရာဝန်နှင့် ပြပါ" ဆိုသော လမ်းညွှန်ချက်များပင် ကပ်ထား၏။ အိမ်သာများမှာ သန့်ရှင်း မွှေးပျံ့နေသကဲ့သို့ပင် ချိုသာအေးငြိမ့်ဂီတ (Soft Music) ကိုပါ တစ်ချိန်လုံး ဖွင့်ထားသည်။ ဝန်ထမ်းအားလုံးကို နေ့လယ်စာ အခမဲ့ကျွေးရာ ထမင်းစားခန်းတွင်လည်း လူများစွာ ရာချီစားနေသော်လည်း ဇွန်းခရင်းသံ မကြားရအောင် သေသပ်ကျနစွာ စားသုံးနေကြတာလည်း မြင်တွေ့ရသည်။ ထမင်းကိုသာ စိတ်အေးလက်အေး စားနေကြကာ၊ အာလာပသလ္လာပ စကားသံတွေ မကြားရ။ ရုံးခန်းတွင်းမှာလည်း ကိုယ့်နေရာတွင်သာ ကိုယ်အလုပ်လုပ်နေကြကာ ဟိုသည်လျှောက်သွား၊ လမ်းသလားတာ၊ စုဝေးစကားပြောတာတွေ မတွေ့ရ။ ဝန်ထမ်းအမျိုးသားရော အမျိုးသမီးပါ တူညီဝတ်စုံကို အမြဲဝတ်ထားကြ၏။ အမျိုးသမီးဝန်ထမ်းတို့မှာ၊ ထဘီအင်္ကျီ၊ ဆံထုံးကိုယ်စီ သပ်သပ်ရပ်ရပ် ထုံးထားကြ၏။ ဆံပင်ဖားလျားချ ကောက်တိကောက်ကွေး ဆံပင်ပုံစံမျိုးစုံ မတွေ့ရသည်မှာလည်း ထူးခြား၏။ ဤသည်ပင်လျှင် ဦးမိုးမြင့် ခေါ် မိုက်ကယ်မိုးမြင့်၏ စည်းစနစ်ကျသော "စိန့်မိုက်ကယ်ကျောင်း" ဆင်းပုံစံမျိုး ဖြစ်သည်မှာ သေချာ၏။ MPRL E&P Group ရုံးချုပ်တွင်သာမက မန်းရေနံမြေတွင်လည်း စည်းစနစ်တကျ သေသပ်မှုများကို နေရာအနှံ့အပြားတွင် တွေ့ရသည်။

ဦးမိုးမြင့်ကို သူ၏ဝန်ထမ်း တော်တော်များများက သူ့နောက်ကွယ်တွင် "မင်းသား" ဟု ခေါ်သံကြားရ၏။ အသားဖြူဖြူ၊ ကိုယ်လုံးကိုယ်ထည် ပြည့်ပြည့်၊ အရပ် ထောင်ထောင်မောင်းမောင်း၊ ဥပဓိရုပ်က အလွန်သန့်ပြန့်ခန့်ညားသည်။ မြန်မာဝတ်စုံဝတ်လျှင် လည်ပင်းရိုးရှပ်အင်္ကျီ၊ တိုက်ပုံနှင့် အလွန်မြန်မာဆန်စွာ ဝတ်တတ်သည်။ တစ်ခါတလေလည်း စပို့ရှပ်

လက်ရှည်နှင့် ဘောင်းဘီနှင့် အမြဲစမတ်ကျကျ တွေ့ရသည်။ စကားပြော လျှင် နှုတ်ခမ်းပြုံးပြီး လေအေးအေးဖြင့် စီကာပတ်ကုံး ပြောတတ်သည်။ အင်္ဂလိပ်စကား ပြောရာတွင်လည်း လူမမြင် အသံချည်း သက်သက် ကြား နေရလျှင် ဌာနေ အမေရိကန်လူမျိုးတစ်ယောက် ပြောနေသကဲ့သို့ သွက်လက်ချောမော ပြေပြစ်စွာ ပြောသည်ကို နိုင်ငံခြားသားများနှင့် အင်တာဗျူးများတွင် ကြားရသည်။

ဤစာအုပ်တွင် ဦးမိုးမြင့်အကြောင်းကို ကျွန်တော် တွေ့ထိခံစားရပုံများကို မှတည် ရေးသားထားသကဲ့သို့ ပြည်ပထုတ် စာစောင်များတွင် ဦးမိုးမြင့် အကြောင်း ရေးသားသော သတင်းဆောင်းပါးနှင့် အင်တာဗျူးအချို့ကို ထည့်သွင်းဖော်ပြထားပါသည်။ အထူးသဖြင့် နိုင်ငံခြားသား ပညာရှင် နှစ်ဦး ဖြစ်ကြသော "ဒေါက်တာအယ်လ်ဝါဒိုလီဗို" နှင့် "မစ္စတာဘရိုင်ယင်လော့ဂ င်" တို့ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော စာတမ်းနှစ်ပုဒ်ကိုလည်း တိုက်ရိုက်မြန်မာ ဘာသာပြန်ဆိုပြီး နောက်ဆက်တွဲ အနေဖြင့် ထည့်သွင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးမိုးမြင့်နှင့် နှစ်ပေါင်းရှည်ကြာ ခင်မင် ရင်းနှီးခဲ့သူများ၊ လုပ်ငန်းများ လက်တွဲလုပ်ဆောင်ခဲ့ကြသော သူများ၏ ဦး မိုးမြင့်အပေါ် အမြင်များကိုလည်း ထည့်သွင်းဖော်ပြထားသဖြင့် ဦးမိုးမြင့်၏ ရုပ်သွင်ပြင်က ပို၍ပေါ်လွင် ရုပ်လုံး ကြွလာမည်ဟု ယုံကြည်မိပါသည်။ ဦး မိုးမြင့် အတ္ထုပ္ပတ္တိကို ပိုမိုထင်းလက် အရောင်တင်စေ သည်မှာ သူ၏ဇနီးနှင့် သားများ၏ ထူးချွန်အောင်မြင်မှုများပင် ဖြစ်သည်။ ဇနီးဒေါက်တာ ဥမ္မာ မိုးမြင့်က စီးပွားရေးလုပ်ငန်း ဦးဆောင်နိုင်မှုအပြင် ရှေးဟောင်း ရှားပါး တန်ဖိုးထိုက် ပန်းချီကားများစွာ စုဆောင်းသူ၊ ကိုယ်တိုင်လည်း ပန်းချီဆွဲ၊ ကဗျာရေးသည့်အပြင် ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းတွင် အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်ကာ လူမှုအကျိုးပြုလုပ်ငန်းများစွာ လုပ်ခဲ့သူဖြစ်သည်။

သားဦးစည်သူမိုးမြင့်နှင့် ဦးဖုန်းကျော်မိုးမြင့်တို့က အမေရိကန်နိုင်ငံ ကိုလိုရာဒို သတ္တုတွင်းတက္ကသိုလ်မှ ရေနံအင်ဂျင်နီယာ ဘွဲ့ရသူများ ဖြစ်သည့်အပြင် ရှက်လှေအားကစားတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရှင် အားကစား လက်ရွေးစင်များ ဖြစ်နေကြခြင်းပင် ဖြစ်၏။

ကျွန်တော် စာပိုဒ်တစ်ခု ဖတ်မိဖူးသည်။ "အောင်မြင်မှုတောင်ထိပ်ကို အခက်အခဲများစွာကို ရင်ဆိုင်ပြီး လူတွေတက်ကြသည်။ တချို့က တောင်ထိပ် ရောက်သွားကြသည်။ သူတို့ကို Boss (သူဌေး) ဟု ခေါ်ကြသည်။ အချို့က တောင်ထိပ်သို့တက်နေဆဲ၊ ရောက်ခါနီးတွင် သူ့နောက်လူတချို့ကို လက်ကမ်းကာတွဲခေါ်ပြီး တောင်ထိပ်ရောက်အောင် ခေါ်ကြသည်။ သူတို့ကို Leader (ခေါင်းဆောင်) ဟုခေါ်သည်။"

နောက်ထပ်တစ်ခု ဖတ်မိတာရှိသေးသည် "Boss (သူဌေး)ဆိုသူက လုပ်ငန်း Business သေတ္တာကြီးပေါ်တွင် ကုလားထိုင်နှင့် အခန့်သားထိုင်နေပြီး တပည့်လက်သားများကို လက်ညှိုးညွှန် ခိုင်းစေနေ၏။ Leader (ခေါင်းဆောင်) ကမူ Business သေတ္တာကြီးဆီသို့ လက်ညှိုးညွှန်ပြကာ ဝန်ထမ်းများနှင့်အတူ သူကိုယ်တိုင် တွန်းထိုးသယ်ဆောင်ဆွဲယူ၏" ထိုဥပမာများအရမူ ဦးမိုးမြင့်သည် "Boss" မဟုတ် "Leader" ။

ကျွန်တော် နိုင်ငံတကာမှ နိုင်ငံရေးခေါင်းဆောင်များ၊ ဘာသာရေးဦးဆောင် ပုဂ္ဂိုလ်များ၊ စီးပွားရေး စွန့်ဦးတီထွင်သူ ပုဂ္ဂိုလ်များ၊ အနုပညာကြယ်ပွင့်များ အပါအဝင် စာအုပ်ပေါင်း (၁၉၉) အုပ်ကို ရေးသားခဲ့ပြီး ဖြစ်ပါသည်။ ယခု "မြန်မာ့စွမ်းအင် လူချွန်လူကောင်း ဦးမိုးမြင့်" စာအုပ်ကို ကျွန်တော်၏ အုပ် (၂၀၀) မြောက် စာအုပ်အဖြစ် ရေးသားနိုင်သဖြင့် အထူးဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း။

ဟိန်းလတ်

***

## အခန်း - ၁

## ဦးမိုးမြင့်နှင့် စတင်တွေ့ဆုံခြင်း

ကျွန်တော် မြေနီကုန်းမှနေ၍ မရမ်းကုန်းဘက်သို့ ကားမောင်းလာတိုင်း လှည်းတန်း ကုန်းဆင်းလာပြီးနောက် အင်းလျားကန်ပေါင်အစပ် မရောက်မီတွင် ကျွန်တော်၏ လက်ဝဲဘက်၊ ပြည်လမ်းပေါ်တွင် ထီးထီးမားမား ရပ်တည်နေသော အထပ်မြင့် အဆောက်အဦကြီးကို သတိထားမိသည်။ အထူးသဖြင့် လွတ်လပ်ရေးနေ့စသော နေ့ထူးနေ့မြတ်များ၊ နှစ်သစ်ကူးညများတွင် ဤအဆောက်အဦကြီးက ဆေးရောင်စုံ မီးရောင်များဖြင့် ဝင်းလက်လှပနေသည်။ အဆောက်အဦ မျက်နှာစာရှိ ရေတံခွန်ရေပန်းများကို ရောင်စုံမီးဆလိုက်များ ထိုးထားသည်ကို မြင်ရတော့ ရင်သပ်ရှုမော။ ဤအဆောက်အဦကြီးရှေ့က ဖြတ်သွားဖန်များတော့ ရေးထိုးထားသော အမည်ကိုပါ ဖတ်မိလာ၏။ Vantage Tower တဲ့။ ကျွန်တော့်စိတ်ထဲက ချက်ချင်းပင် စိတ်ကူးထဲမှာ နာမည်ပေးလိုက်သည် "တစ်ပန်းသာ နန်းမြင့်မျှော်စင်"။

အဆောက်အဦ၏ အဆန်းတကြယ် ဗိသုကာလက်ရာကို သဘောကျနှစ်ခြိုက်ရင်းက အနည်းငယ် စပ်စုကြည့်မိတော့ "ရေနံသူကြွယ်ကြီး မိုက်ကယ်မိုးမြင့်" ပိုင် အဆောက်အဦကြီးဟု သိရ၏။ ထိုကဲ့သို့သော သူကြွယ်ကြီးတစ်ဦးနှင့် သိကျွမ်းဖို့ရာလည်း ကျွန်တော်ကဲ့သို့သော စာရေးဆရာတစ်ဦး အနေနှင့်က မည်သို့မျှ အပ်အပ်စပ်စပ် ရှိသည်မဟုတ်။

သို့သော် လောကတွင် မထင်မှတ် မမျှော်လင့်တတ်သည် များလည်း ဖြစ်တတ်လေ့ရှိရာ၊ ဦးမိုးမြင့်နှင့် ဆုံစည်းနိုင်စရာ အခွင့်အလမ်းတစ်ခုက

တစ်နေ့တွင် ပေါ်လာသည်။ ကျွန်တော်နှင့် ရင်းနှီးခင်မင်သော ဆရာသမား တစ်ဦးက ကျွန်တော့်ကို ဖုန်းဆက်သည်။ ဦးမိုးမြင့်နှင့်တွေ့ ဆုံရန် Vantage Tower သို့လာပါဟု ဖိတ်ကြားခြင်း ဖြစ်သည်။ ထို့ကြောင့် ကျွန်တော် Vantage Tower ရှိ ဦးမိုးမြင့်ရုံးသို့ သွားခဲ့သည်။ ထိုနေ့စွဲကိုကား ကျွန်တော် မှတ်မှတ်ရရရှိ၏။ ၂၀၂၀ ပြည့်နှစ်၊ မေလ (၁၂) ရက်။

Vantage Tower ရှေ့ရောက်တော့ လမ်းထိပ်တွင် တူညီဝတ်စုံ သပ်သပ်ရပ်ရပ် ဝတ်ထားသော လုံခြုံရေးဝန်ထမ်းနှစ်ဦးကို တွေ့ရသည်။ သူတို့က ကားဝင်ရန်လမ်းကို ညွှန်ပြ၏။ ကားကိုရုံးထဲ ချိုးကွေ့ဝင်လိုက်သောအခါ ဂိတ်ဝ လုံခြုံရေးက မည်သူ့ထံ လာရောက်ပါသလဲဟု မေးသည်။ ကျွန်တော်က အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်က ချိန်းဆိုထားလို့ပါဟု ပြောသောအခါ၊ သူက တစ်နေရာရာသို့ ဖုန်းဖြင့် လှမ်းမေးသည်။ ပြီးတော့မှ "အန်ကယ် ဝင်ပါ" ဟုပြောပြီး၊ စက်ခလုတ်ဖြင့် တားဆီးထားသော မောင်းတံကိုဖွင့်ပေး၏။ ထို့နောက် ကျွန်တော့်ကို Access Card ခေါ် လုံခြုံရေး ကတ်ပြားတစ်ခု ထုတ်ပေး၏။

"ရုံးထဲမှာ သွားလာရင် ဒီကတ်ပြားလေး ချိတ်သွားပါနော်။ ဒါက Vantage Tower ကိုလာတဲ့ ဧည့်သည်ကို ထုတ်ပေးတဲ့ ကတ်ပြားပါ။ ဒီကတ်ပြား မပျောက်ပါစေနဲ့နော်။ ပျောက်ခဲ့လို့ရှိရင် အမေရိကန်ဒေါ်လာ (၁၀) ဒေါ်လာ ပေးဆောင်ရပါလိမ့်မယ်"

လုံခြုံရေးအမျိုးသမီးက ကျွန်တော့်ကို သေသေချာချာ ယဉ်ယဉ်ကျေးကျေး ရှင်းပြ၏။ ကားရပ်ရမည့် နေရာကိုလည်း သူက ညွှန်ပြပေးသည်။

ကားကို Basement One ဟူသော မြေအောက်ခန်း ပထမထပ်တွင် ရပ်လိုက်ပြီး၊ ကားပေါ်မှ ဆင်းလာတော့ တူညီဝတ်စုံဝတ် လုံခြုံရေးတစ်ဦး ရောက်လာကာ ဘယ်အထပ် သွားမလဲဟု မေးသည်။

"ဆရာဦးမိုးမြင့်ရုံးခန်း သွားချင်လို့ပါ"

"ဒါဆိုအထပ် (၁၀) ကို သွားရပါမယ်" ဟု လမ်းညွှန်သည်။ တံခါးဝအနီး ရောက်တော့ အခြားလုံခြုံရေး ဝန်ထမ်းတစ်ဦးနှင့် တွေ့ပြန်သည်။

"အန်ကယ်က နှာခေါင်းစည်းတော့ တပ်ထားပြီးသားပါ။ ဒါပေမဲ့ အထဲမ ဝင်ခင် ဆပ်ပြာရည်နဲ့ လက်ကို စက္ကန့်နှစ်ဆယ် ဆေးလိုက်ပါဦး" ဟုပြော သဖြင့် သူညွှန်ပြသော လက်ဆေးကန်တွင် ဆပ်ပြာနှင့် လက်ဆေးလိုက်ရ သည်။ ထို့နောက် လုံခြုံရေးဝန်ထမ်းက ကျွန်တော့်တွင် ပါလာသော လက်ကိုင်အိတ်ကို ဖွင့်ပြီး ရှာပါရစေဆို၍ သူ့ကို ရှာဖွေခွင့် ပေးလိုက်သည်။ သူက စိတ်တိုင်းကျ ရှာဖွေပြီးနောက် အိတ်ကို ရိုရိုသေသေနှင့် ပြန် ပေးသည်။ ပြီးတော့ အပူချိန်တိုင်းကိရိယာတွင် လက်ဝဲဘက်လက်ဖြန့်ကာ အဖျားရှိမရှိ တိုင်းရ၏။ ပြီးတော့မှ မှန်တံခါးဆီသို့ ရောက်တော့ ကျွန်တော် က လက်နှင့်တွန်းဖွင့်၏။ မရ။ လုံခြုံရေးဝန်ထမ်းက ကျွန်တော့်ဘေး ရောက်လာပြီး ကျွန်တော်၏ "ဧည့်ကတ်ပြားလေး" နှင့် တံခါးကို ကပ်ဖိ လိုက်တော့မှ တံခါးပွင့်သွားသည်။ ကတ်ပြားတွင် Sensor ပါကြောင်း ယခုမှ ကျွန်တော် သတိထားမိ၏။ "ဓာတ်လှေကားလည်း ကိုယ်သွားချင်တဲ့ နေရာကို နှိပ်ဖို့ ဒီဧည့်ကတ်ပြားဖိပြီး အသုံးပြုပါ အန်ကယ်" ဟု လုံခြုံရေး ဝန်ထမ်းက ထပ်ပြီးရှင်းပြ၏။

ဆယ်ထပ်အပေါက်ဝ ရောက်တော့ ဧည့်ကြိုကောင်တာမှ ကလေးမလေး က ကျွန်တော့်ကို ဘယ်သူလဲ၊ ဘယ်သူနဲ့ တွေ့ချင်ပါသလဲဟု မေးသည်။ ကျွန်တော်က အမှုဆောင်အရာရှိချုပ်က ချိန်းဆိုထား၍ လာသူဖြစ်ကြောင်း ပြောတော့ သူက ဖုန်းတစ်ခုထပ်ဆက်၏။ ပြီးမှ "ကြွပါဆရာ၊ ဒီဧည့်ခန်းမှာ ခဏစောင့်ပေးပါ" ဟုပြောသည်။ ဧည့်ခန်းတွင် ခေတ္တထိုင်ရင်း၊ နံဘေး ပတ်ဝန်းကျင်ကို မျက်စိကစားကြည့်တော့၊ Vantage Tower ၏ အပြင်ပိုင်း

ကိုသာ မြင်ပြီး အံ့အားသင့်ခဲ့သော ကျွန်တော့်အဖို့ အတွင်းပိုင်း အပြင်အဆင်များကို ယခုမြင်ရတော့ အဆင့်မြင့် ကြယ်ငါးပွင့် ဟိုတယ်ကြီး၏ အငွေ့အသက်မျိုးကို ချက်ချင်းခံစားမိသည်။ ရုံးခန်းများ ဖွဲ့စည်းပုံမှအစ ရုံးသုံး ပရိဘောဂများအဆုံး အလွန်စနစ်တကျ အဆင့်မြင့်လှသည်။ မကြာခင် အခန်းထဲမှ အမူဆောင် အရာရှိချုပ်၏ အတွင်းရေးမှူး ဖြစ်ဟန်တူသော အမျိုးသမီးငယ်တစ်ဦး ထွက်လာကာ "စာရေးဆရာကြီး ဦးဟိန်းလတ်က အန်ကယ်ဖြစ်ပါသလား။ စီအီးအိုက စောင့်နေပါတယ်။ အတွင်းခန်းထဲ ကြွပါ" ဟု ကျွန်တော့်ကို လာခေါ်၏။

အင်းလျားကန်ကို အပေါ်စီးမှ အပြည့်အဝ မြင်နိုင်သော မှန်ပြတင်းများ တပ်ဆင်ထားသည့် အခန်းကျယ်ကြီးသို့ ရောက်သွားသောအခါ စားပွဲရှည်ကြီးနောက်ရှိ ဆုံလည်ကုလားထိုင်ကြီးတွင် ထိုင်လျက် အလုပ်လုပ်နေသူ ပုဂ္ဂိုလ်ကြီးတစ်ဦးကို မြင်လိုက်ရ၏။ ကျွန်တော် ဝင်လာတော့ ထိုပုဂ္ဂိုလ်ကြီးက အလုပ်လုပ်နေရာမှ ထပြီး၊ "ထိုင်ပါ ခင်ဗျ၊ ကျွန်တော် မိုးမြင့်ပါ" ဟု ခရီးဦးကြို ပြုသည်။

ရေနံသူကြွယ်ကြီးဟု နာမည်ကြီးသူ ဦးမိုးမြင့်ကို ဓာတ်ပုံ တော်တော်များများတွင် ကျွန်တော် တွေ့မြင်ဖူးသည်။ သို့သော် လူကိုယ်တိုင် ယခုမြင်လိုက်ရတော့ အသားဖြူဖြူ၊ စူးရှသောမျက်လုံး၊ ပိရိသောနှုတ်ခမ်း၊ အရပ်မြင့်မြင့်၊ ကိုယ်လုံးကိုယ်ထည် တောင့်တောင့်တင်းတင်း၊ ဥပဓိရုပ်ခန့်ညား ကောင်းလွန်းပြီး၊ ဓာတ်ပုံများထဲကထက် ပိုမိုနုပျိုနေသည်ကို တွေ့လိုက်ရ၏။

"ကျွန်တော် ဆရာနဲ့တွေ့ချင်တာက ကျွန်တော့်ရင်ထဲက ရည်ရွယ်ချက်တစ်ခုကို အကောင်အထည်ဖော်ဖို့ အချိန်ရောက်လာလို့ပါပဲ။ ကျွန်တော့်ရည်ရွယ်ချက်ကတော့ ကျွန်တော့်ဘဝ တစ်လျှောက် ဖြတ်ကျော်ခဲ့တဲ့ ခရီးစဉ်တွေထဲက အတွေ့အကြုံအချို့ကို စာဖတ်ပရိသတ်တွေ သိအောင်

မျှဝေပေးချင်လို့ပါ။ အထူးသဖြင့် လူငယ်မျိုးဆက်သစ်တွေ ဒီစာအုပ်ဖတ်မိပြီး ကျွန်တော့်ဘဝထဲကနေ လှုံ့ဆော်မှု ခွန်အားတစ်ခုခုရပြီး၊ သူတို့ရဲ့ လျှောက်လှမ်းမယ့် ဘဝခရီးမှာ ပိုမို အားမာန်ပြည့်ဝစေပြီး၊ သူတို့ကို အောင်မြင်မှုအတွက် လက်တွဲခေါ်ယူချင်လို့ပါပဲ"

ဦးမိုးမြင့်၏ နူးညံ့ညင်သာသော အသံနှင့် ပြောပြသော စေတနာရည်ရွယ်ချက်ကို ကြားရတော့ ကျွန်တော် အံ့သြသွားသည်။ တစ်ချိန်တည်းမှာပင် ဤကဲ့သို့သော ထင်ရှားကျော်ကြား ပုဂ္ဂိုလ်ကြီးတစ်ဦး၏ အကြောင်းကို ရေးသားခွင့် ရသဖြင့်လည်း မိမိကိုယ်မိမိ ဂုဏ်ယူစိတ်လည်း တစ်ပြိုင်တည်း ပေါ်လာသည်။


ဤသည်ကား "မြန်မာ့စွမ်းအင် လူချွန်လူကောင်း ဦးမိုးမြင့်" နှင့် ပထမဆုံး တွေ့ဆုံမိခြင်း နိဒါန်းအစပင်တည်း။




အမှတ် (၆၂၃)၊ ပြည်လမ်းရှိ Vantage Tower အထပ်မြင့်အဆောက်အဦ




Executive Management Team အဖွဲ့ဝင်များ Vantage Tower 10th Floor တွင် တည်ရှိသည့် Executive Floor Reception Area တွင်အမှတ်တရ



Vantage Tower အပေါ်မှ မြင်တွေ့ရသည့် အင်းလျားကန်အလှ



ဦးမိုးမြင့်နှင့် Vantage Tower ၊ MPRL E&P Group of Companies ရှိ သူ၏ရုံးခန်း



Vantage Tower အပေါ်မှမြင်တွေ့ရသည့်အင်းလျားကန်ရှုခင်း

***